**Karen National Union Headquarters**
**Kawthoolei**
**www.knuhq.org**

Date: December 15, 2018

## Statement of KNU's Position regarding Land laws of the Myanmar Government

The Government of the Republic of the Union of Myanmar has ratified and signed the amendment of The Vacant, Fallow and Virgin Land Management Law, passed by the Pyidaungsu Hluttaw Law No (24) on 11 September 2018. Other laws regarding land have also been discussed on that day. Regarding the laws mentioned above, the central land committee of the Karen National Union states its positions and concerns as follows:

1. The Karen National Union has been managing and administering land at the Central, District and Township Levels according to the policy that was formulated and implemented in line with international standards of land, forest, social and human rights norms. The Karen National Union policy also reflects democratic and federal standards, protection of the lands of indigenous people and their rights. Moreover, the positions and concerns of the general Karen People regarding lands was collected and well-documented as a result of national political dialogue. Thus, all those positions and concerns must be included in political discussions and negotiations.

2. The recent amendment of the "The Vacant, Fallow and Virgin Land Management Law" merely concentrates on the centralist systems that has been formulated by the governments of the Myanmar from time to time. It shows no concerns to the rights of indigenous people or human rights norms, and it does not reflect the democratic and federal principles. Moreover, it contains huge contradictions to the positions and concerns of the Karen People as a whole and to the land policy of Karen National Union. It discourages peace building, trust building and the formation of the future Federal Union.

3. The amendment of the "The Vacant, Fallow and Virgin Land Management Law" is violating the agreements and contracts between Karen National Union and Government as follows: articles 9, 10, and 11 of the preliminary ceasefire agreements between the Government and the Karen National Union on 6 April 2012. Moreover, it violates the Nationwide Ceasefire Agreement (NCA), which was signed by Government, Tatmadaw and Ethnic Armed Organizations, especially article 9 of Chapter Three on the Protection of Civilians and article 25(a-1) of Chapter Six.

4. We call for the elimination of the "The Vacant, Fallow and Virgin Land Management Law" that can produce disputes and conflicts. We encourage the review, amendment, elimination, and rewrite of other land laws that do not comply with the principles of democracy and federal standards. The enactment of controversial land laws could contradict the formation of the Democratic and Federal Union in accordance with the NCA. Thus, we encourage the legislative bodies to enact the law reflecting the NCA that encourages the formation of the Democratic and Federal Union.

In attempting the sustainable peace process in line with the political goals, for the well-being of the whole Karen population, the Karen National Union issues this statement on behalf of the Karen People whose interests suffered and were damaged. The Karen National Union will firmly stand and implement the policy and governance structure to comply with the Nationwide Ceasefire Agreement.

**Contacts:**


| | |
|---|---|
| P'doh Mahn Ba Htoon | +66 (0) 61 345 0533 |
| P'doh Saw Nay Thablay | +66 (0) 86 911 0413 |
| Saw Thoo Kapee | +66 (0) 06 765 6615 |

## ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး ဗဟိုဌာနချုပ်
## ကော်သူးလေ

www.knuhq.org

နေ့ရက်။ ဒီဇင်ဘာလ ၁၅ ရက်၊ ၂၀၁၈ ခုနှစ်။

### မြန်မာနိုင်ငံ အစိုးရ၏ မြေယာနှင့် သက်ဆိုင်သည့် ဥပဒေများအပေါ် ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး၏ ရပ်တည်ချက်နှင့် သဘောထားထုတ်ပြန်ချက်

ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် - ၂၄ ဖြင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ ပြင်ဆင်သည့် ဥပဒေကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၁၁) ရက်နေ့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရက အတည်ပြုခဲ့ပြီး အခြားမြေယာနှင့် သက်ဆိုင်သည့် ဥပဒေများကိုလည်း သုံးသပ်ဆွေးနွေးခဲ့ကြပါသည်။ ယင်းဥပဒေများနှင့်စပ်လျဉ်းပြီး ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး ဗဟို မြေယာကော်မတီ၏ ရပ်တည်ချက်နှင့် သဘောထားများကို အောက်ပါအတိုင်းထုတ်ပြန်ပါသည်။

၁။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် မြေယာ၊ သစ်တော၊ လူမှုတရားမျှတမှုနှင့် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာစံချိန်စံနှုန်းများ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ် စံချိန်စံနှုန်းများ၊ ဌာနေ တိုင်းရင်းသားများ၏ မြေယာနှင့်သက်ဆိုင်သော အခွင့်အရေးများကို အသိအမှတ်ပြု အကာအကွယ်ပေးထားသော မြေယာမူဝါဒနှင့်အညီ ဗဟိုအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်ဖြင့် သက်ဆိုင်ရာဌာနများမှ ခေတ်အဆက်ဆက် အကောင်အထည်ဖော် စီမံခန့်ခွဲအုပ်ချုပ်လျှက်ရှိနေပါသည်။ ထို့အပြင် မြေယာနှင့် စပ်လျဉ်းသည့် ကရင်တစ်မျိုးသားလုံး၏ အမြင်သဘောထားများကို အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများမှတဆင့် စုစည်းရယူထားကာ ထုတ်ပြန်အသိပေးထားပြီးလည်းဖြစ်ရာ ထို အမြင်သဘောထားနှင့် စုစည်းချက်များကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲမှတဆင့် တွေ့ဆုံဆွေးနွေး အဖြေရှာသွားရမည်ဖြစ်သည်။

၂။ ပြည်ထောင်စုအစိုးရ၏ လတ်တလော ပြင်ဆင်လိုက်သည့် မြေယာဥပဒေပုံစံသည် ယခင်အစိုးရအဆက်ဆက် ကျင့်သုံးခဲ့သည့် တင်းကြပ်သော ဗဟိုချုပ်ကိုင်မှုစနစ်ပုံစံဖြစ်နေပြီး ကေအဲန်ယူ - ကရင်အမျိုးသားအစည်းရုံး၏ မြေယာမူဝါဒနှင့် ကရင်တမျိုးသားလုံး၏သဘောထားနှင့် ကိုက်ညီမှုမရှိသည့်အပြင် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေး၊ လူ့အခွင့်အရေးစံချိန်စံနှုန်းများ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ် စံချိန်စံနှုန်းများကို အလေးထားခြင်းမရှိပါ။ သို့ဖြစ်သောကြောင့် ယုံကြည်မှုတည်ဆောက်ရေး၊ အနာဂတ်ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းများကို ထိခိုက်စေပါသည်။

၃။ ထို့အပြင် ပြည်ထောင်စုအစိုးရ ပြင်ဆင်ခဲ့သည့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းစီမံခန့်ခွဲရေးဥပဒေအရ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့ က ကေအဲန်ယူ - ကရင်အမျိုးသားအစည်းရုံးနှင့် အစိုးရအကြား ပဏာ မအပစ်အခတ်ရပ်စဲရေး သဘောတူဆုံးဖြတ်ချက် အမှတ် (၉ ၊ ၁၀၊ ၁၁) အပြင် အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား သဘောတူလက်မှတ်ရေးထိုး ထားသော တစ်နိုင်ငံလုံးပစ်ခတ်တိုက် ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အခန်း (၃) အပိုဒ် ၉ ပါ အရပ်သားများကို ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာအချက်များနှင့် အခန်း (၆) အပိုဒ် ၂၅-က (၁) တို့ကို ချိုးဖောက်နေပါသည်။

၄။ ထို့ကြောင့်၊ ပြဿနာနှင့် ပဋိပက္ခများကို ပိုမိုဖြစ်ပွားလာစေမည့် "မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ" ကို ပယ်ဖျက်ရန် တောင်းဆိုသည်။ မြေယာနှင့် ပတ်သက်သည့် အခြားဥပဒေ များကိုလည်း အနာဂတ် ဒီမိုကရေစီနှင့် ဖက်ဒရယ် စံချိန်၊စံနှုန်းများကို အခြေခံပြီး ပြန်လည်သုံးသပ် ခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ရေးဆွဲခြင်းများကို ပြုလုပ်ရန် တိုက်တွန်းသည်။ အငြင်းပွား ဖွယ်ရာ မြေယာဥပဒေ ပြဌာန်းမှုသည် NCA အရ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် နိုင်ငံတည်ဆောက်ရေးကို ရှေးရှုသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အကောင်အထည်ဖော်မှုအတွက် ဝိဝါဒ ကွဲပြားမှုများ ဖြစ်ပေါ်စေသောကြောင့် ဥပဒေပြုလွှတ်တော်များအနေဖြင့် NCA ကို အခြေခံ သည့် နိုင်ငံပြန်လည်တည်ဆောက်ရေးဆိုင်ရာ အခြေခံများကို ဦးတည်သည့် ဥပဒေများကို စတင် ပြဌာန်းရန် လိုအပ်သည်။

ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးသည် မိမိအစည်းအရုံး၏ နိုင်ငံရေးရည်မှန်းချက်နှင့်အညီ ကရင် တစ်မျိုးသားလုံးအပါအဝင် ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားသင့်သည့် ရေရှည်တည်တံ့ခိုင်မြဲသောငြိမ်းချမ်း ရေးရရှိရေးကို ကျိုးစားသွားရာတွင် ပြည်သူလူထု၏ အကျိုးစီးပွားထိခိုက်စေသည့် လုပ်ရပ်များအတွက် လိုအပ်သလို သဘောထားထုတ်ပြန်သွားမည်ဖြစ်ပြီး မိမိချမှတ်ထားသော မူဝါဒနှင့် မိမိ အုပ်ချုပ်ရေးလုပ်ငန်း များအား NCA သဘောတူညီချက်များနှင့်အညီ ဆက်လက်ရပ်တည်ပြီး အကောင်အထည်ဖော်ဆောင်ရွက် သွားမည်ဖြစ်သည်။

ဆက်သွယ်ရန်-

ပဒို မန်းဘာထွန်း +၆၆ (၀) ၆၁ ၃၄၅ ၀၅၃၃

ပဒို စောနေသာဘာလေး +၆၆ (၀) ၈၆ ၉၁၁ ၀၄၁၃

စောသူးကာပီး +၆၆ (၀) ၉၆ ၇၆၅ ၆၆၁၅